**သမသူပကသိက္ခာပုဒ်။** ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွေမျိုးလည်း မဟုတ်၊အလိုရှိတာကို တောင်းပါ ဟု ဖိတ်ထားသူလည်း မဟုတ်သော လူများက လှူသော ဆွမ်းကို စားသောအခါ လက်ကော်၍ရအောင် ချက်ထားသော ပဲဟင်းကို ဆွမ်း၏ ၄-ပုံ တပုံလောက်သာ စားရသည်၊ အလွန် များများ မစားရ၊ ဆွေမျိုးနှင့် ဖိတ်ထားသူတို့ ဆွမ်းကျွေးသောအခါ၌ကား ပဲဟင်းကို များများစားသော်လည်း အပြစ်မရှိ။ [သမ = ဆွမ်းနှင့် တော်လောက်ရုံဖြစ်သော + သူပက=ပဲဟင်းရှိသည်။]

**ထူပကသိက္ခာပုဒ်။** ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွမ်းခွက် အလယ် ဗဟိုက မို့မောက်နေသော နေရာကို "ဆွမ်းဦး ဆွမ်းထိပ်"ဟု ခေါ်၏၊ ဆွမ်းစားသောအခါ ထိုဆွမ်းဦးဆွမ်းထိပ်ကို နှိပ်၍(နှိုက်၍)မယူဘဲ, အစမှစ၍ အစဉ်အတိုင်းယူပြီး စားရသည်။ [ထူပက=မို့မောက်သောနေရာ။]

**ပဋိစ္ဆာဒနသိက္ခာပုဒ်။** ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွမ်းလောင်းသူ ဆွမ်းလိုက်သူတို့သည် ဟင်းမရသေးသော ကိုယ်တော်ကို သာ၍ လောင်းချင်ကြ၏၊ ထို့ကြောင့် ရပြီးသော ပဲဟင်း သားငါးဟင်းတို့ကို လောင်းသူ ဟင်းလိုက်သူတို့ မမြင်ရအောင် နောက်ထပ်အလိုရှိသည်ဖြစ်၍ ဆွမ်းဖြင့် ဖုံးမထားရ၊ သူတို့ဘာသာ လူမြင်မှာစိုး၍ နွားသားစသည်ကို ဖုံးပြီးလောင်းလိုက်လျှင်ကား အပြစ်မရှိ။ [ပဋိစ္ဆာဒန = ဖုံးခြင်း။]

**သူပေါဒနဝိညတ္တိသိက္ခာပုဒ်။** ။ကိုရင်ဗုဒ္ဓရက္ခိတ .... ဆွေမျိုးလည်း မဟုတ်၊ ပစ္စည်းလေး